## ၂၀၁၂ခုနှစ်၊ဒီဇင်ဘာလ(၁၀) ရက်နေ့တွင်ကျရောက်သော နိုင်ငံတကာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ထုတ်ပြန်ချက်

## (၈/၂၀၁၂)

၁။ လူသားအားလုံးနှင့် သက်ဆိုင်သည့် အရေးအကြီးဆုံး ကြေငြာချက် တစ်ရပ်ဖြစ်သော နိုင်ငံတကာ လူ့အခွင့်အရေး ကြေငြာစာတမ်းကို ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် အတည်ပြု ချမှတ်ခဲ့ပြီး အဆိုပါနေ့ကို နိုင်ငံတကာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတကာ လူ့အခွင့်အရေး အသိုက်အဝန်းနှင့်အတူ ဤနေ့ထူးနေ့မြတ် အခါသမယကိုပါဝင်ဆင်နွှဲပါသည်။

၂။ ၁၉၄၈ခုနှစ်၊ ဒီဇင်ဘာလတွင် ပါရီမြို့၌ ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုချမှတ်ရန် နိုင်ငံအမည်ခေါ်၍ မဲခွဲဆုံးဖြတ်စဉ် မြန်မာနိုင်ငံသည် ပထမဆုံး ထောက်ခံမဲပေးခဲ့သည့် နိုင်ငံဖြစ်ကြောင်းကို မိမိတို့ကော်မရှင်အနေဖြင့် ဂုဏ်ယူသတိရလျက် ရှိပါသည်။ ကြေညာချက်က အသိအမှတ်ပြုထားသော လူသားတို့၏ မွေးရာပါ ဂုဏ်သိက္ခာ တန်ဖိုးကို ထိန်းသိမ်းမြှင့်တင်နိုင်မည့် အခွင့်အလမ်းများ ရရှိထားသည့်အတွက် ကော်မရှင် အနေဖြင့် အားရကျေနပ်မိပါသည်။ အမှန်အားဖြင့် လူ့ဂုဏ်သိက္ခာကို လေးစားမှုမရှိခြင်း ကြောင့်သာ ကမ္ဘာပေါ်ရှိ နေရာဒေသအားလုံးတွင် လူ့အခွင့်အရေးဖောက်ဖျက်မှုများပေါ်ပေါက် နေရခြင်းဖြစ်သည်။

၃။ ယနေ့သည် ကော်မရှင်အနေဖြင့် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် လွန်ခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ပြီး အနာဂတ်အတွက် ရှေ့ လုပ်ငန်းစဉ်ကို ချပြရန် အသင့်လျော်ဆုံးအခါသမယ ဖြစ်ပါသည်။

၄။ လူ့အခွင့်အရေးကာကွယ်ရေး နှင့်စပ်လျဉ်း၍ ကော်မရှင်သည် ၂၀၁၁ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလအထိ လက်ခံရရှိခဲ့သော တိုင်တန်းချက်ပေါင်းသုံးထောင်ကျော်အနက် အများစုကို စိစစ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ “ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများ”အပါ အဝင် အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးအတွက် နိုင်ငံတော်သမ္မတထံ စာရေးသား မေတ္တာရပ်ခံခြင်းနှင့်သတင်းထုတ်ပြန်ခြင်းတို့ကို ကော်မရှင်ကဆောင်ရွက်ခဲ့ခြင်းသည် ထောင်ပေါင်း များစွာသော အကျဉ်းသားများကို လွတ်မြောက်စေခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည့်အတိုင်း ကျန်ရှိနေသေးသော အကျဉ်းသား များ ကိစ္စ စိစစ်ရေးအတွက်လည်း ထင်သာမြင်သာရှိသည့် လုပ်ငန်းစဉ်တစ်ရပ်ပေါ်ပေါက်ရေးအတွက်

အစီအမံ တစ်ရပ်ကို ဖြစ်ထွန်းစေခဲ့ပါသည်။ ထိုသို့ လွတ်မြောက်လာ သော အကျဉ်းသားအချို့သည် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းစဉ်တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိနေကြခြင်းအတွက်လည်း ကော်မရှင်က အားရကျေနပ်မိပါသည်။ ကော်မရှင်၏ လူ့အခွင့် အရေးကာကွယ်ရေး လုပ်ငန်းအတွေ့အကြုံများအရ နိုင်ငံတော်အစိုးရနှင့် အခြား သက်ဆိုင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါကြောင်း ထင်ရှားပေါ်လွင်စေပါသည်။

၅။ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂအဖွဲ့အစည်းများ လူ့အခွင့်အရေး ပညာပေးရေးကို အထူးပြုဆောင်ရွက်နေသော အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရန်ကုန်မြို့တွင် အလုပ်ရုံဆွေးနွေးပွဲများမှ ထူးခြားသည့်ရလဒ်တစ်ခုအဖြစ် အခြေခံပညာနှင့် အဆင့်မြင့် ပညာသင်ရိုးများတွင် လူ့အခွင့်အရေး ဘာသာရပ်ကို အလေးထားသင်ကြားပေးနိုင်ရေး လုပ်ငန်းစဉ်ကို အစပျိုးနိုင် ခဲ့ပါသည်။

၆။ ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်သည် ဒေသတွင်းရှိ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ခိုင်မြဲသောဆက်ဆံရေး တည်ဆောက်နိုင်ခဲ့ပါသည်။ ကော်မရှင်သည် ၂၀၁၂ခုနှစ်၊ စက်တင်ဘာလတွင် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ တင်းပြည့်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊၂၀၁၂ခုနှစ်၊ နိုဝင်ဘာလတွင်အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ တွဲဖက်အဖွဲ့ဝင်အဖြစ်လည်းကောင်း အသိအမှတ်ပြုခံခဲ့ရပါသည်။ သို့ဖြစ်ရာ ကော်မရှင်သည် ဒေသတွင်းလူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် ၎င်းဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်လာနိုင်ပြီ ဖြစ်ပါသည်။

၇။ ကော်မရှင်သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေမူကြမ်းကို သက်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲပြီး နိုင်ငံတော်သမ္မတထံ တင်ပြထားပါသည်။ ထို့နောက် ကော်မရှင်ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရန်ရှိပါ သည်။ ဥပဒေမူကြမ်း ကို အတည်ပြုပြဋ္ဌာန်းပြီးပါက ကော်မရှင်သည် ၎င်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၈။ ကော်မရှင်၏ ၂၀၁၃ခုနှစ် နှင့် ရှေ့လုပ်ငန်းစဉ်များတွင် စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေး ဆက်နွယ်မှုဘာသာရပ်၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်နှင့် စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ

စာချုပ်တို့ကဲ့သို့သော အရေးကြီးသည့် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရန်ကိစ္စများပါဝင်ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများသည် လူပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာဝန်ကြီးဌာနများအတွက် အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ပါသည်။ ထို့အပြင် ရေရှည်စီမံချက်အဖြစ် အရေးကြီးသော လူ့အခွင့်အရေး စာရွက်စာတမ်းများကို အများပြည်သူသိရှိစေရန် မြန်မာဘာသာသို့ ပြန်ဆိုခြင်း လုပ်ငန်းကို ၂၀၁၃ခုနှစ်တွင် စတင် ဆောင်ရွက်မည်ဖြစ်သည်။

၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် ၃၄/၂၀၁၁ နှင့် အထက်ဖော်ပြပါ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေမူကြမ်းတွင် ဖော်ပြပါရှိသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် ကော်မရှင်ကို ကြီးမားသော တာဝန်တစ်ရပ်အဖြစ်ယုံကြည်စွာ အပ်နှင်းခြင်းဖြစ်ပါသည်။ အဆိုပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖြည့်ဆည်း ဆောင်ရွက် ရာတွင် ကော်မရှင်အတွက် သက်ဆိုင်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။ ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မှု မရရှိပါက လူသားတို့၏ မွေးရာပါ ဂုဏ်သိက္ခာကို လေးစားမှုရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်ရေးအတွက် အလှမ်းဝေးနေဦးမည် ဖြစ်ပေသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်